(၁၃) လယ်မြေတွင် ရာသီသီးနှံမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စများအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ပြု တင်ပြခြင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေတွင် ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ အဆင့်ဆင့် တင်ပြလာသည့် အချက်အလက်များကိုစိစစ်ပြီး သီးနှံပြောင်းလဲစိုက်ပျိုးခြင်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊

(၁၄) လယ်မြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ပြု၍ တင်ပြခြင်း၊

(၁၅) လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားသည့်ကိစ္စနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ပြု၍ တင်ပြခြင်း၊

(၁၆) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ကွင်းဆင်းစစ်ဆေးတင်ပြစေပြီး၊ ယင်းစစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခြင်း အခြေအနေစိစစ်တွေ့ရှိချက် (ပုံစံ-၁၆) ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၆) လ တစ်ကြိမ် တင်ပြခြင်း၊

(၁၇) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိထားသူသည် ခွင့်ပြုသည့်နေ့ရက်မှ (၆) လ အတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိကြောင်းသော်လည်းကောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အရ အမှုတွဲဖွင့်လှစ်တင်ပြမှုအပေါ် အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၈) လယ်ယာမြေဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းနှင့် ပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းကိစ္စများအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် စိစစ်တင်ပြခြင်း၊

(၁၉) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုနိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(၂၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အချင်းချင်းအငြင်းပွားသည့် မြေနုကျွန်းမြေများနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(၂၁) မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲရာတွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(၂၂) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်းနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၃) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ဒေသဓလေ့ ထုံးတမ်းအစဉ်အလာများနှင့် အညီဖြစ်စေရန် လုပ်ထုံးလုပ်နည်းများအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆိုပြုတင်ပြခြင်းနှင့် ချမှတ်ထားသော မူဝါဒများနှင့်အညီ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၂၄) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**( ခ ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကို အသုံးပြုရန် ကျေးလက်နှင့် မြို့ပြအိမ်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၂) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်၊ သာသနာမြေနှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၃) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များ စသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော စက်ရုံများ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ လိုအပ်သောကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၄) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကိုအသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၅) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ မြေယာအယူခံ ဝင်ရောက်လာသော ကိစ္စများနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဆုံးဖြတ်ချက်အမိန့်ချမှတ်ခြင်း၊

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမိန့်ချမှတ်ဆောင်ရွက်ပြီးနောက် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက်ခြင်းမရှိသည့် အငြင်းပွားမှုများအား မြေယာမှုခင်း ဆုံးဖြတ်ချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တင်ပြသည့် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး သတ်မှတ်ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၈) လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်က အခါအားလျော်စွာ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားမှုများနှင့်ပတ်သက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်တင်ပြချက်များအပေါ် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၉) မြေနုကျွန်းမြေလုပ်ပိုင်ခွင့် ချထားရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစိစစ်တင်ပြချက်များအပေါ် အတည်ပြုသတ်မှတ်ပေးခြင်း၊

(၁၀) မြေနုကျွန်းမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ မြို့နယ်တစ်ခုအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားခြင်းဖြစ်ပါက ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစိစစ်တင်ပြချက်များအပေါ် ထပ်ဆင့်စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ရယူခြင်း၊

(၁၁) နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ လယ်ယာမြေသိမ်းယူသည့်ကိစ္စရပ်များတွင် နစ်နာကြေးနှင့် လျော်ကြေးရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေးပေးရေးတို့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တွက်ချက် တင်ပြလာမှုများအပေါ် ထပ်ဆင့်စိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၂) ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေတွင် သီးနှံပြောင်းလဲစိုက်ပျိုးရန် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၁၃) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တင်ပြချက်များအပေါ် သဘောထားမှတ်ချက်ပြု၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိထားသူသည် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိကြောင်းသော်လည်းကောင်း အဆင့်ဆင့်စိစစ်တွေ့ရှိချက်များအပေါ် အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၆) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူက လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တင်ပြလျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အကြောင်းကြားသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၁၇) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်ရရှိထားသူများမှ သတ်မှတ်စည်းကမ်းများနှင့်အညီ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးနောက် လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန်အတွက် တင်ပြလျှောက်ထားမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို ရရှိသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၁၈) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ တင်ပြလာမှုများအပေါ် စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းနှင့် ချမှတ်ထားသော မူဝါဒများနှင့်အညီ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၁၉) လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်မရရှိဘဲ ကျူးကျော်အသုံးချ လုပ်ကိုင်မှုများ၊ အဆောက်အအုံ ဆောက်လုပ်မှုများအတွက် အရေးယူဆောင်ရွက်ရန် မြို့နယ် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ကြီးကြပ်လမ်းညွှန်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၂၀) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေးဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန်စာရင်းတို့ကို စုစည်းစိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၂၁) လယ်ယာမြေဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းနှင့် ပုဒ်မ ၃၇ အရ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းကိစ္စများအတွက် သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၂) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(၂၃) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**(ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) မြို့နယ်ဦးစီးဌာနရုံးမှ တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲများကို စိစစ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း၊

(၂) ပြန်လည်သိမ်းယူသော လယ်ယာမြေ၊ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ လျှောက်ထားနိုင်ကြောင်း အများပြည်သူ သိရှိရန်ကြေညာခြင်း၊ လျှောက်ထားခြင်းများအပေါ် မြို့နယ်ဦးစီးဌာနရုံးက စိစစ်တင်ပြသော လုပ်ငန်းစာတွဲများကို ထပ်မံစိစစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခံရသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း၊

(၃) လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း၊ လွှဲပြောင်းလက်ခံခြင်းများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့် အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ မှတ်တမ်းတင်ပြီးကြောင်း တင်ပြချက်ကို လက်ခံရရှိသောအခါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လျှောက်ထားချက်များအား စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်သို့ အကြောင်းကြားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ မိတ္တူပေးပို့ခြင်း၊ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ စိစစ်တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(၆) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ရရှိထားသူများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားပြီးနောက် စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ ပြန်လည်တင်ပြချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(၇) ပေါင်နှံသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြလာသော လုပ်ငန်းစာတွဲများကိုစိစစ်၍ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ သို့မဟုတ် ငြင်းပယ်ကြောင်း နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးနောက် တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း ဆောင်ရွက်ချက်အား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၈) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းမပြုနိုင်ရေး တိကျစွာ ကြီးကြပ်ခြင်း၊

(၉) လယ်ယာမြေကို အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ကာလအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုခြင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်း တွေ့ရှိရခြင်းများအတွက် ယင်းလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၀) လယ်ယာမြေဥပဒေပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှားအစီရင်ခံရကြောင်း တွေ့ရှိရခြင်းများအတွက် သက်ဆိုင်ရာ လယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၁) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်ကိစ္စနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူနိုင်ရေးတို့အတွက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၂) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(၁၃) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးနောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက်ခြင်းမရှိသည့် အငြင်းပွားမှုများအား မြေယာမှုခင်း ဆုံးဖြတ်ချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်

ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊

(၁၄) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သိမ်းယူသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပေးအပ်ရမည့် နစ်နာကြေးနှင့် လျော်ကြေးတွက်ချက်၍ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ပြု တင်ပြလာသော လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ထပ်ဆင့်စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၆) လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီး ဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် စိစစ်တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၇) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုကြောင်းနှင့်သတ်မှတ်သည့် ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်းတွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ ကွင်းဆင်းစိစစ်ဆေးပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ခတ်ပုံမှတ်တမ်းများနှင့်အတူ တင်ပြခြင်း၊

(၁၈) လယ်ယာမြေကို ခေတ်မီစံပြစက်မှုလယ်ယာအဖြစ်မှ ပြုပြင်ပြောင်းလဲ ဖော်ထုတ်ရာတွင် နယ်နိမိတ်နှင့် ဧရိယာ အတိုး၊ အလျော့ဖြစ်ပေါ်လာပါက ကွင်းဆင်းစိစစ်ခြင်း၊ မှန်ကန်မှုတစွာ ညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သတ်မှတ်ခွင့်ပြုပေးနိုင်ရန် စိစစ်တင်ပြ ဆောင်ရွက်ခြင်း၊

(၁၉) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်သူအား ပုဒ်မ ၁၉ အရ အမိန့်ချမှတ်ခြင်း၊ အမိန့် လိုက်နာခြင်းမရှိသူအား ပုဒ်မ ၃၅ အရ အရေးယူနိုင်ရေးအတွက် တရားစွဲဆိုခြင်း၊ ထိုသို့ တရားစွဲဆိုမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၀) လယ်ယာမြေလုပ်ပိုင်ခွင့်ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ ဥပဒေပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ တိုင်ကြားခြင်း၊

(၂၁) မြေနုကျွန်းစီမံခန့်ခွဲရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့်ညှိနှိုင်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားပေးရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို အုပ်ချုပ်မှုနယ်မြေအပေါ်အခြေခံ၍ သတ်မှတ်ခြင်း၊ မြေနုကျွန်းမြေအား လယ်ယာမြေနည်းဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ချထားခြင်း၊ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပြုစုခြင်း၊ မြေနုကျွန်းလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား ကွင်းဆင်းစိစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း၊

(၂၂) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကိုခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆောင်ရွက်ချက်များအား စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၂၃) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစိစစ်ဆေး ဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန်စာရင်းတို့ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့ တင်ပြခြင်း၊

(၂၄) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(၂၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(ဃ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ခြင်း၊

(၂) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်ကိုက်ညီပါက ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုစေခြင်း၊

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူနှင့် လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများအား မှတ်တမ်းပြုစုထားရှိရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်စာရင်း (ပုံစံ-၁၁) ကို ဖွင့်လှစ်ထားရှိခြင်း၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာစေရန်နှင့် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမရှိစေရန် ကြီးကြပ်ခြင်း၊ မလိုက်နာပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အရေးယူနိုင်ရန် တင်ပြခြင်း၊

(၅) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို မူလမြေယာမှုခင်းဖွင့်လှစ်၍ စစ်ဆေးဆုံးဖြတ်ခြင်း၊

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နေစဉ်ကာလအတွင်း ယင်းဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းမပြုနိုင်ရေး ကြီးကြပ်ခြင်း၊ ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက အရေးယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင်ပြခြင်း၊

(၈) လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်းများကို စိစစ်တင်ပြခြင်း၊

(၉) လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းများကို စိစစ်တင်ပြခြင်း၊

(၁၀) ကျွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၁၁) မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်းပြီး အုပ်ချုပ်မှုနယ်မြေအပေါ်အခြေခံ၍ လုပ်ပိုင်ခွင့်ချထားရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို သတ်မှတ်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၂) မြို့နယ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချင်းချင်း မြေနုကျွန်းမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများ ပေါ်ပေါက်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ကွင်းဆင်း စစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း၊

(၁၃) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(၁၄) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ဥက္ကဋ္ဌ
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော် အား ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၆-၁၁-၂၀၂၅ ရက်နေ့မှ ၅-၃-၂၀၂၆ ရက်နေ့အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၆-၃-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၃/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးစန်း အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၉၈/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၀၅(၁)/၈/ကောင်စီရုံး အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တိုင်းဒေသကြီး

ရဲတပ်ဖွဲ့မှူး ရဲ ၁၇၂၇ ရဲမှူးချုပ် ဝင်းမိုလ် အား ရဲဗိုလ်ချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ရာထူးအဆင့်သို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ဒုတိယရဲချုပ် (၁) အဖြစ် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၉၉/၂၀၂၅)**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၀၅(၁)/၈/ကောင်စီရုံး အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ရဲ ၁၅၇၀ ရဲမှူးချုပ် မျိုးမင်းထိုက် အား ရဲဗိုလ်ချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ရာထူးအဆင့်သို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ဒုတိယရဲချုပ် (၂) အဖြစ် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၂/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ဖ၄၄၇ ရဲအုပ် အောင်နိုင်ထွေး အား မူလ ရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၃/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၇၀၇၀ ရဲအုပ် လှဝင်း အား မူလရာထူး အဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၈/၂၀၂၅)**

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးသိန်းအောင် (ပ/၅ဖဖ၈) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးသိန်းအောင် (ပ/၅ဖဖ၈) အား ငြင်းပယ်ထားသည့် အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ မေလ ၃၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁၁/၂၀၂၅)**

မီးသတ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ (မ-၀၄၉၉) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးသို့ ပြောင်းရွှေ့တာဝန်ချထား လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၂၀/ ၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် [23-O (သောင်ထွန်းမြေ)]၊ မြေကွက်အမှတ် (၁) ရှိ **မြေဧရိယာ ၉.၇၈ ဧက** အား **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ အလုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၁/ ၂၀၂၅)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၅၄၀/ သိမ်ဆိပ်အရှေ့ကွင်း)၊ မြေကွက်အမှတ် (338) ရှိ **မြေဧရိယာ ၁.၉၄ ဧက** အနက်မှ **၀.၂၂ ဧက** အား **သုဝဏ္ဏဝတီမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၂/ ၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၃-ဇ/ကန်နားရပ်)၊ ဦးပိုင်အမှတ် (၁၉)၊ မြေကွက်အမှတ် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂) ရှိ **မြေဧရိယာ ၃.၂၅၈ ဧက** အား **မိတ္ထီလာခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၃/ ၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့၊ ညောင်ဝိုင်း-တရုတ္တန်းရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် [၄(ခ)/ဂျူဗလီရပ်]၊ ဦးပိုင်အမှတ် (၁၄ᵃ) ရှိ **မြေဧရိယာ ၀.၀၇၃ ဧက** အား **ရွှေကျင်မြို့နယ်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၄/ ၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆၄၂-ခ၊ ကံလှ-တောင်)၊ ဦးပိုင်အမှတ် (၈၂/၂) ရှိ **မြေဧရိယာ ၁.၅၉ ဧက** အား **GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော သီးနှံများသိုလှောင်ခြင်း၊ သန့်စင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေးစက်ရုံ၊ အလုပ်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅၇၂,၄၀၀/- နှုန်းဖြင့် ဦးမြင့်အောင် [၈/ ရနခ (နိုင်) ၁၀၀၀၀၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၂၅/ ၂၀၂၅)**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆၄၂–ခ၊ ကံလှ–တောင်)၊ ဦးပိုင်အမှတ် (၈၃/၂–၁) ရှိ **မြေဧရိယာ ၃.၈၅ ဧက** အား **GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော သီးနှံများသိုလှောင်ခြင်း၊ သန့်စင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေးစက်ရုံ၊ အလုပ်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၃၈၆,၀၀ဝိ/– နှုန်းဖြင့် ဦးမြင့်အောင် [၈/ ရနခ (ပြု) ၀၀၀၀၀၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၂၆/ ၂၀၂၅)**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ကန်ပြားကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁၆၁၁–က/ကန်ပြားအရှေ့)၊ ဦးပိုင်အမှတ် (၆၁/၁)ရှိ **မြေဧရိယာ ၂.၁၉ ဧက** အား **စက်မှုသင်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၇၈၈,၄၀ဝိ/– နှုန်းဖြင့် ဦးအောင်ကျော်ဦး [၁၂/ ကမတ (နိုင်) ၀၁၉၇၉၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၂၇/ ၂၀၂၅)**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရဲသာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၈၆/ ကမော့ကစင်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂၁၃/၁) ရှိ မြေဧရိယာ ၂.၅၁ ဧက၊ ဦးပိုင်အမှတ် (၂၁၃/၂) ရှိ မြေဧရိယာ ၀.၂၀ ဧက၊ ဦးပိုင်အမှတ် (၂၁၄/၂) ရှိ မြေဧရိယာ ၀.၀၃ ဧက **စုစုပေါင်းမြေဧရိယာ ၂.၇၄ ဧက** အား **Eco Resort သဘာဝအပန်းဖြေဘန်ဂလိုဟိုတယ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၈၈၇,၇၆ဝိ/– နှုန်းဖြင့် ဦးလှိုင်မျိုးကျော် ပါ (၇) ဦးသို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၃၁/ တမ–၂/ ၁၆၁/ ၂/၂၀၂၅ အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၅) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀ဝိ–၄,၀၀ဝိ–၂၉၅,၀၀ဝိ) ရာထူးများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်သည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းထိုက်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ကွန်ဟိန်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ( ခ ) | ဦးအောင်သူ<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ရုံးချုပ်၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ |

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်သည့် ရာထူး၊ ဌာန |
|---|---|---|
| (ဂ) | ဦးကီးအုံး<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| (ဃ) | ဦးစိုင်းလူဟန်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) |
| (င) | ဦးကျော်မင်းထွန်း<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၅၈/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်မင်း အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဉာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

အမှတ် ၁၉၆။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၁-၉-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၅/ ၃၈၄၈၄ အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ရောဂါဗေဒဌာနမှ ပါမောက္ခ/ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ ခင်သီတာအောင် (ဆမ-၁၁၉၃၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၃-၁၂-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၃-၄-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

အမှတ် ၁၉၇။　　ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၅/၃၈၄၇၆ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားညှိကုပညာဌာနမှ ပါမောက္ခ/ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ လှလှရီ (သခ-၈၅၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ် လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှ စ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၁။　　တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်မြို့ရှောင်လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးအဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | - | ထားဝယ်မြို့ရှောင်လမ်း၊ |
| (ခ) | လမ်းမကြီးအရှည် | - | ၃ မိုင် ၅.၅ ဖာလုံ သို့မဟုတ် ၅.၉၃၄ ကီလိုမီတာ၊ |
| (ဂ) | လမ်းစတင်သည့်နေရာ | - | ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း၏ မိုင်တိုင်အမှတ် (၃၂၄/ ၅) အနီး၊ သပြေချောင်းကျေးရွာ၊ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း၏ မိုင်တိုင်အမှတ် (၃၂၉/ ၅) အနီး၊ ကျောက်ရပ်ကျေးရွာ၊ |
| (င) | လမ်းအဆင့်အတန်း | - | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး၊ |
| (စ) | လမ်းနယ်နိမိတ် | - | ၂၃၀ ပေ၊ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၁၆၄၈ မိုင် ၄ ဖာလုံ ၅၇၈ ပေ သို့မဟုတ် ၂၆၅၃.၁၇၈ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၅၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၅) ဖြင့် အတည်ပြုချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲ ရုံး | တိုးမြှင့်ခန့်ထားသည့် ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ထန်ခင်းငွေ | ၅၇၈၆ | ဖလမ်းခရိုင် (ချင်းပြည်နယ်တွဲဖက်) | ချင်းပြည်နယ် |
| ၂။ | ဦးသန်းထွန်း | ၅၈၁၈ | မကွေးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| ၃။ | ဒေါ်ငွေငွေမြင့် | ၅၆၅၀ | အင်းစိန်ခရိုင် | ရှမ်းပြည်နယ် |

ဒေါက်တာ ခင်နိုင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၄၃/ ၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၅) သဘောတူညီချက်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၅) ဆုံးဖြတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ အောက်ပါတရားစွဲတာဝန်ခံ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ဌာနစုမှူး (ဥပဒေ) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

**စဉ် အမည်**

(က) ဒေါ်ခင်သန့်ဇင်
( ခ ) ဦးသိန်းထိုက်

သန်းထွန်းဦး
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်<br>(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

အမှတ် ၂၁၁/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက် အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| သိုက်ဝင်း | ကြည်း | ၈၁၅၂၀ |

အမှတ် ၂၁၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက် အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| မြင့်ဇော် | ကြည်း | ၈၁၅၂၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

### အကောက်ခွန်ဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၀၂၀/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော **Shwe Wah Yaung Agriculture Production Co., Ltd** (ကုန်တင်ပို့သူ) ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍

စည်းကမ်းလိုက်နာမှုနှင့် နိုင်ငံတကာကုန်သွယ်မှု ကွင်းဆက်လုံခြုံရေး အစီအမံကောင်းမွန်မှုအတွက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Level-2) အဖြစ် အသိအမှတ်ပြုလိုက်သည်။

အမိန့်အာဏာ။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ဘခ-၁/၃/၃ (၂၀၂၃/ ၂၀၂၅)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၅)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော **Proven Technology Industry Co., Ltd** (ကုန်တင်သွင်းသူ) ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ စည်းကမ်း လိုက်နာမှုနှင့် နိုင်ငံတကာကုန်သွယ်မှု ကွင်းဆက်လုံခြုံရေး အစီအမံကောင်းမွန်မှုအတွက် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ (Level-2) အဖြစ် အသိအမှတ်ပြုလိုက်သည်။

အမိန့်အာဏာ။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ဘခ-၁/၃/၃ (၂၀၂၃/ ၂၀၂၅)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ထော်သာကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (OSS/ ကွင်းပြင်) ရှိ **မြေဧရိယာ ၂၀.၀၀ ဧက** အား ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်ရန် မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဂေါပကအဖွဲ့ **မဟာမြိုင်တောရ (ချက်မရေ)၊ ကလေးဝမြို့နယ်** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့ မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လုံပေါးကျေးရွာအုပ်စု၊ ခိုလှိုင်ကျေးရွာ၊ ကွင်းအမှတ်နှင့် အမည် (၃၀၈၆/ခိုလှိုင်ရွာ)၊ မြေကွက်အမှတ် (၁၄၅) ရှိမြေဧရိယာ ၀.၂၀ ဧက၊ မြေကွက်အမှတ် (၁၄၆) ရှိ မြေဧရိယာ ၂.၃၉ ဧက **စုစုပေါင်းမြေဧရိယာ ၂.၅၉ ဧက** အား **ခိုလှိုင်ဘုန်းတော်ကြီးကျောင်း** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့ မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ကွင်းအမှတ် နှင့်အမည် (မြောက်ဥယျာဉ်အချပ်-၁၅၊ ၅၉၄)၊ ဦးပိုင်အမှတ် (၁၀၀) ရှိ **မြေဧရိယာ ၀.၂၉၀ ဧက** အား **မြင့်မြတ်မနောကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၂၈-၁၁-၂၀၂၅။